ဥသျှစ်ကုန်းကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်ဘိုကျေးရွာအုပ်စု၊ ဥသျှစ်ကုန်းကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဥ သျှစ်ကုန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃/၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၈ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမ ဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


စက်တင်ဘာလ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ဥသျှစ်ကုန်းကျေးရွာ

သထုံမြို့နယ်


ဥသျစ်ကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်




ဥ သျစ်ကုန်းကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ချက်၊ သထုံမြို့နယ်



ဥ_သျှစ်ကုန်းကျေးရွာ ရွာတွင်း ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ၊ သထုံမြို့နယ်



ဥ_သျှစ်ကုန်းကျေးရွာ ဥစွာဓနအဆင့်သတ်မှတ်ခြင်း၊ သထုံမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဥသျှစ်ကုန်းကျေးရွာသည် မွန်ပြည်နယ် သထုံခရိုင်၊ သထုံမြို့နယ် နောင်ဘို ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ဒေါင်းရွာကျေးရွာ၊ အနောက်ဘက်တွင် ကဿဖရွာကြီး၊တောင်ဘက်တွင် ဇရစ်ချောင်းကျေးရွာအုပ်စုနှင့် မြောက် ဘက်တွင် မဝိုင်းစုကျေးရွာတို့ တည်ရှိပါသည်။ကျေးရွာတွင်ကရင်တိုင်းရင်းသားများ အများစု နေထိုင်ကြပြီး ပအိုဝ်နှင့်ဗမာ လူမျိုးများ စုပေါင်းနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အပူအအေးမျှတပြီး သမပိုင်းရာသီဥတုဖြစ်ပါသည်။ ဥယျာဉ်ခြံမြေစုစုပေါင်း(၄၄)ဧကရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပါသည်။ ရာသီ သီးနှံများအနေဖြင့် ဒူးရင်းသီး၊ မင်းကွက်သီး၊ ကွမ်းသီး၊ ကွမ်းနှင့် ရာဘာခြံလုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား - ဖဦး+ မ- ၄ ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင် နေကြပါသည်။ စိုက်ပျိုးရေးအဖွဲ့(ကျား - ၂ဦး)သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်တက်ကြွစွာလုပ်ဆောင်ပါသည်။ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ (ကျား-ဖဦး+ မ- ၄ ဦး) သည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက် လာစေရေးအတွက် လုပ်ဆောင်လျက် ရှိပါသည်။ ဂေါပကအဖွဲ့သည် (ကျား - ၂၀ ဦး)သည်ဘာသာရေး/ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် ကြပါသည်။ လူပျို၊အပျို ကောင်း အဖွဲ့သည် (ကျား - ၁၀ ဦး + မ - ၅ ဦး) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သာရေး/နာရေးအဖွဲ့သည် ကာလသား ကာလသမီးအဖွဲ့ (ကျား - ၅ ဦး + မ - ၅ ဦး) သည်

ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း **ဥသျစ်ကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။**

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဥသျစ်ကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၃၃)ရှိပြီး လယ်ယာမြေပိုင်ဆိုင်သော ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၈) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူ လတ် (၃၈) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၁၅) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ဒူးရင်းသီး၊ မင်းဂွတ်နှင့် ကြက်မောက်ပင်များ(၅.၅)ဧကခန့် စမ်းသပ်စိုက်ပျိုးထားပါသည်။

စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၃၀) တင်း၊ ရာဘာပျမ်းမျှ(၁၅)ပေါင် ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦး ချင်းပိုင် ထွန်စက်(၃)စီး၊ လက်တွန်းထွန်စက် (၉) စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၃)စီး၊ ရေစုပ်စက် (၄၂)စီးနှင့် မြတ်ရိတ် စက်(၆၂)စီး ရှိပါသည်။ လယ်ယာသုံးကိရိယာများ ပိုင်ဆိုင်မှု နည်းပါးသောကြောင့် ငှားရမ်း အသုံးပြုကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး နွေရာသီတွင် ရေလုံလောက်မှု နည်းပါးပါသည်။နွေစပါးစိုက်ပျိုးမှုမရှိခြင်းမှာ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေ မရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာလိုအပ်မှုများများကြောင့် စီးပွားရေး အကျိုးအမြတ် နည်းပါးပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၈) အိမ်ရှိပြီး နွားကောင်ရေ (၇၁) ကောင်၊ အိမ်ထောင်စု (၁၈) အိမ်မှ ဝက် (၂၂) ကောင်၊ အိမ်ထောင်စု (၇၀) အိမ်မှ ကြက် (၂၁၀) စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေး မဟုတ်သောအိမ်ထောင်စုများသည် ကြံရာကျပန်း၊ဈေးရောင်း၊ ပန်းရံ လုပ်ငန်းများလုပ်ကိုင်ကြသည်။အချို့သောအိမ်ထောင်စုများသည် ကွမ်းရောင်းဝယ်ရေး လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။မွေးမြူရေးနှင့်ပတ်သက်သော အသိပညာနှင့်အခွင့်အလမ်း များ နည်းပါးပါသည်။သို့ဖြစ်ပါ၍ ကြံရာကျပန်းလုပ်သားများအတွက် အသက်မွေးဝမ်း ကျောင်း ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်မည်ဆိုပါက မိသားစုစားဝတ်နေရေး ပိုမို အဆင်ပြေချောင်လည် လာနိုင်သည်ကို လေ့လာတွေ့ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေး၊ မွေးမြူရေးမလုပ်ကိုင်သည့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင် သူများအနေဖြင့် ကိုယ်ပိုင်ပစ္စည်းများပေါင်နှံရောင်းချခြင်း၊ မိတ်ဆွေများနှင့် ငွေချေး သူထံမှ အတိုးနှုန်း အသင့်အတင့်ဖြင့် ချေးငွေရယူခြင်းများရှိပါသည်။ ကျဘန်း နှင့် အခြားလုပ်ငန်း လုပ်ကိုင် သူများအနေဖြင့် အတိုးနှုန်း သက်သာစွာဖြင့် ကာလရှည် ငွေချေး ယူနိုင်သည့် မြစိမ်းရောင်စီမံကိန်း လိုအပ်ပါသည်။ လယ်သမားများသည် စိုက်ပျိုးရေးစရိတ် ချေးငွေများ ကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်တွင် အတိုးနှုန်း (၁% မှ ၂%)ဖြင့် ပုံစံ(၇)အား အပေါင်ခံ အဖြစ်ထားပြီး ချေးယူနိုင်ကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် တချို့သောအိမ်ထောင်စုများသည် ဘေးတွဲဆိုင်ကယ်မောင်းနှင်ခြင်း၊ ကားမောင်းခြင်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင် စက်ဘီး(၁၇၆)စီး၊ ဆိုင်ကယ်(၁၀၈)စီး၊ သုံးဘီးဆိုင်ကယ်(၇)စီး၊ ထော်လာကျီ(၉)စီး၊ ကား(၆)စီးတို့ဖြင့်သယ်ယူပို့ဆောင်ရေးတွင် သုံးပြုကြပါသည်။ ရွာတွင်းလမ်း(၇)လမ်းရှိသည့်အနက် (၄)လမ်းသည် ကွန်ကရစ်လမ်းများ ဖြစ်ကြပြီး ကျန်(၃)လမ်းသည် မြေသားလမ်းများဖြစ်သည့် အတွက် မိုးရာသီတွင် ဗွတ်များဖြစ်ခြင်း၊ နွေရာသီတွင်ဖုန်မှုန့်များတက်ခြင်းများကြောင့် သွားလာရအခက် အခဲများရှိပါသည်။ကျေးရွာသည် ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းဘေးတွင် တည်ရှိပြီး ရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းနှင့်မြေသားလမ်းများ ဖြစ်ကြပါသည်။ ဥသျှစ်ကုန်း ကျေးရွာနှင့် ကဿဖကျေးရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ၂၀၁၆ခုနှစ်တွင် လွတ်တော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကွန်ကရစ်လမ်းများမှာလည်း လွန်ခဲ့သော ကာလကြာမြင့်လာသည်ဖြစ်သဖြင့် ရာသီဥတုဒဏ်များကြောင့် ပျက်စီးမှု အနည်းငယ်ရှိပါသည်။ ကျေးရွာအတွင်း ရေကြောင်းခရီးဖြင့် သွားလာရသော ခရီးလမ်းမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၁၃၃) စုရှိပြီး ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိ/ဖအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် (Transformer)(၁)လုံး ၊ လမ်းမီတာ၊ မီးကြိုး၊ မီတာများ တပ်ဆင်ဆောင်ရွက်ထားရှိခြင်းဖြင့် လူနေအိမ်မိသားစုအတွက် စီးပွားရေး၊ပညာရေး၊ ကျန်းမာရေးနှင့် လူနေအိမ်နှင့် မိသားစုအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်း လူမှုဖွံ့ဖြိုးရေးအတွက် ကဏ္ဍများ တိုးတက်ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဥသျှစ်ကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များအတွက် တယ်လီဖုန်း(၆၅)လုံး၊ တီဗီ(၃၃)လုံး ၊ဂြိုလ်တုစလောင်း (၃၃) လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာ၏အလယ်တွင် တာဝါတိုင်ရှိသည့်အတွက် ဖုန်းဆက်သွယ်မှုအခက်အခဲ မရှိပါ။

အခြားသော သတင်းအချက် အလက်များကိုလည်း ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး နှင့် ဆယ်အိမ်မှူး တို့မှ တဆင့်သိရှိ နိုင်ပါသည်။

၆။ ပညာရေး

ကျေးရွာအတွင်း၌ စာရေး၊ စာဖတ်မတတ်သူ (၂၇)ဦးရှိပါသည်။မူလတန်းအဆင့် (၄၁၅)ဦး၊ အလယ်တန်းအဆင့် (၁၄၇)ဦး၊ အထက်တန်းအဆင့် (၉၂)ဦး၊ တက္ကသိုလ်/ကောလိပ်တက်မြောက်သူ (၆)ဦးတို့ရှိပါသည်။ လက်ရှိပညာ သင်ကြားနေသော ကျောင်းသား/ သူများသည် မူလတန်းပညာကို ကျေးရွာရှိမူလတန်း ကျောင်း တွင်လည်း ကောင်း ၊ အလယ်တန်းနှင့် အထက်တန်းကို အ.ထ.က(ကျိုက္ကော်)သို့ တက်ရောက် ပညာသင်ကြား နိုင်ပါသည်။ကျေးရွာမူလတန်းလွန်ကျောင်းတွင် အစိုးရခန်းဆရာ/မ (၈)ဦး၊ ကျေးရွာမှခန့်ထားသောဆရာမ(၂)ဦး စုစုပေါင်း(၁၀)ဦးရှိသဖြင့် ဆရာ/မ လုံလောက်ပါသည်။ ကျေးရွာမူလတန်းလွန်ကျောင်းတွင် မူလတန်းဆောင်(၄)ဆောင်ရှိပါသည်။ ကျောင်းခြံစည်းရိုးသည် အနည်းငယ်ပျက်စီးနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဥ သျှစ်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း(၁)ခုရှိပြီး ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လုံလောက်မှုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်(၁)ဆိုင်ရှိပါသည်။အသက်(၁၅)နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကျေးရွာမှသားဖွာဆရာမမှ ကာကွယ်ဆေးထိုးနှံ ပေးလျက်ရှိပါသည်။ Covid -19 ရောဂါကာကွယ်ဆေးကို ကျေးရွာဘုန်းကြီးကျောင်း နှင့် မြို့နယ်ထွေအုပ်ရုံးအစည်းအဝေးခန်းမတို့တွင် ပုံမှန်သွားရောက်၍ထိုးနှံ ပါသည်။ အရေးပေါ် လူနာများအား ကျေးရွာနှင့် (၄)မိုင်ခန့်ကွာဝေး သော သိမ်ဆိပ်တိုက်နယ်ဆေးရုံ သို့ လည်ကောင်း ကျေးရွာမှ(၁၃)မိုင် ကွာဝေးသော သထုံဆေးရုံသို့ ပို့ဆောင်ကုသကြပါသည်။ ကျေးရွာအတွင်းတွင် ရေလောင်း/ယင်လုံ အိမ်သာကို အများဆုံးသုံး စွဲကြသဖြင့် မိုးရာသီတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ဌက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာအတွင်းတွင် ဆီးချိုနှင့် သွေးတိုးရောဂါဖြစ်ပွားသူအနည်းငယ်ရှိပါသည်။ ကိုယ်ခံအား ကျဆင်းမှုရောဂါ ဖြစ်ပွားသူမရှိပါ။ ကျေးရွာရှိ ကျေးရွာသူ/သားများသည် ကျန်းမာရေး အသိပညာဗဟုသုတ အားနည်းပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများမရှိပါ။ တစ်ဦးကိုတစ်ဦး မိသားစု၊ ဆွေမျိုးများသဖွယ် ကူညီစောင့်ရှောက်မှုများဖြင့် စည်းလုံညီညွတ်စွာနေထိုင်ကြပါသည်။ဆင်းရဲပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။သို့သော်လည်း ဥ သျှစ်ကုန်းကျေးရွာတွင် ဝမ်းစာဖူလုံမှုရှိခြင်း၊ သဘာဝဘေးအန္တရာယ် များမရှိခြင်း၊ တစ်ဦးကိုတစ်ဦး ရိုင်းပင်ကူညီမှုတို့ကြောင့် ၎င်းမိသားစုများအတွက် ထိခိုက်မှု နည်းပါးပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို တစ်နိုင်တစ်ပိုင် အဓိကလုပ်ကိုင်ထားသောကြောင့် စားနပ်ရိက္ခာလုံလောက်မှုရှိပါသည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ်များမရှိပါ။ ကျေးရွာတွင် ရေကြီးနစ်မြုပ်မှုမရှိသော်လည်း စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအနေဖြင့် အမှိုက်များကို မိမိတို့ခြံဝန်းအတွင်း၌ ကျင်းတူးပြီး မီးရှို့သောအိမ်ထောင်စု အချို့ရှိပါသည်။ အမှိုက်များကို စနစ်တကျ စွန့်ပစ်မှုအားနည်းသော အိမ်ထောင်စုများရှိသဖြင့် အမှိုက်များကိုစနစ်ကျ စွန့်ပစ်ရန် အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးပါက စနစ်တကျအမှိုက်များ စွန့်ပစ်တက်သော အလေ့အကျင့်ကောင်းများ ရရှိပြီး ကျေးရွာသာယာလှပ သန့်ရှင်းအောင် ဆောင်ရွက်သင့်ပါသည်။

ကျေးရွာအနီးနှင့် ပတ်ဝန်းကျင်တွင် ဓါတ်သတ္တု၊ သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ သဘာဝအရင်းအမြစ်များမရှိသော်လည်း နွားစားမြက်အနည်းငယ်သာရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့တွင် အမျိုးသမီးများ မပါဝင်ကြပါ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းတွင် အမျိုးသမီးများ အကြမ်းဖက်မှုမရှိပါ။ အမျိုးသမီးရေးရာအကြမ်းဖက်မှုနှင့် တရာမျှတမှုဆိုင်ရာများအတွက် အသိအမြင်ရှိမှုအနည်းငယ် ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - နောင်ဘို			ကျေးရွာအမည် - ဥသျစ်ကုန်း	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်း မြေသားလမ်း (၄၃၉' x ၁၂' x ၆'')အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ ဇော်ပင်လမ်းနှင့်စာသင်ကျောင်းလမ်း(၈၀၀' x ၁၂' x ၆'') အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ ရွာတွင်းလမ်း မြေသားလမ်း (၅၀၀' x ၁၂' x ၆'')အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ နယ်ခြားလမ်း မြေသားလမ်း (၁၅၀၀' x ၁၂' x ၆'') အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းတူးဖော်ခြင်း	
၃	ငွေကြေး	ရပ်ရွာခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။	
	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	

နောက်ဆက်တွဲ (၁)

ဥသျစ်ကုန်းကျေးရွာ၊ နောင်ဘိုကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်စိန်	ဦးသာမြိုင်	၁၀/သထန(နိုင်) ၀၇၃၁၀၇	၆၅	ဥက္ကဋ္ဌ	
၂	ဦးမင်းဇော်ဦး	ဦးလှထွန်း	၁၀/သထန(နိုင်) ၁၇၁၃၁၉	၃၆	အတွင်းရေးမှူး	၀၉ ၂၅၅၇၂၈၁၆၁

၃	ဦးဖိုးသန်း	ဦးသန်းငွေ	၁၀/သထန(နိုင်) ၀၆၀၄၇၅	၅၆	ဘဏ္ဍာရေးမှူး	
၄	ဒေါ်လေးနွယ်	ဦးစိန်လှိုင်	၁၀/သထန(နိုင်) ၁၉၁၈၃၃	၄၇	စာရင်းကိုင်	
၅	ဦးလှမြင့်	ဦးအောင်မြိုင်	၁၀/သထန(နိုင်) ၀၅၈၉၂၂	၅၁	အဖွဲ့ဝင်	
၆	ဦးအုန်းကြည်	ဦးဒီးဒုတ်	၁၂/လမန(နိုင်) ၂၅၇၂၅၉	၅၂	အဖွဲ့ဝင်	
၇	ဒေါ်ဖောထူး	ဦးမောင်မောင်	၁၀/သထန(နိုင်) ၀၉၅၉၃၃၁	၆၆	အဖွဲ့ဝင်	
၈	ဒေါ်တင်လုံး	ဦးမောင်ထွန်း	၁၀/သထန(နိုင်) ၀၆၁၁၉၄	၆၂	စာရင်းကိုင်	
၉	ဒေါ်နှင်းဆီ	ဦးစိန်ဖြူ	၁၀/သထန(နိုင်) ၀၆၀၁၁၂	၅၅	အဖွဲ့ဝင်	

ဥ_သျှစ်ကုန်းကျေးရွာ၊ နောင်ဘိုကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးဝယ်ယူရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၇	ဒေါ်နှင်းဆီ	ဦးစိန်ဖြူ	၁၀/သထန(နိုင်) ၀၆၀၁၁၂	၅၅	အဖွဲ့ဝင်	
၈	ဦးအုန်းကြည်	ဦးဒီးဒုတ်	၁၂/လမန(နိုင်) ၂၅၇၂၅၉	၅၂	အဖွဲ့ဝင်	
၉	ဦးလှမြင့်	ဦးအောင်မြိုင်	၁၀/သထန(နိုင်) ၀၅၈၉၂၂	၅၁	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၁	၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၈	၁၃	၂၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၉	၁၉	၄၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၈	၃၅	၇၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၆၉	၃၀၀	၅၆၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၀	၂၅	၄၅
စုစုပေါင်း		၃၃၀	၃၉၃	၇၂၃
စုစုပေါင်း အိမ်ထောင်စု		၁၃၃		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ဥ သျှစ်ကုန်းကျေးတွင် အိမ်ထောင်စု (၁၃၃)၊ အိမ်ခြေ(၁၂၀) ၊ လူဦးရေ(၇၂၃)ဦး နေထိုင်ကြပါသည်။ဥ သျှစ်ကုန်းကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ် အောက် နို့စို့ အရွယ်(၅)ဦး၊ မူလတန်းကျောင်းသား(၄၈)ဦး၊ အလယ်တန်းကျောင်းသား အရွယ်(၇၃) ဦး၊ အလုပ်လုပ်နိုင်သည့် အရွယ်(၅၆၉)ဦး၊ သက်ကြီးရွယ်ကြီး(၄၅)ဦးရှိပါသည်။ ထို့ကြောင့်ကျေးရွာ တွင် အလုပ်လုပ်နိုင်သော ဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများ ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက် ထောက်ပံ့ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွားလုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							

	ကိုယ်ပိုင်လုပ်ငန်း	၁၁၆	၁၃၅	-	၁၂၆	၉	-	မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၂၆			၂၄	၆	၃၀	မြင့်□ လတ် ✓ နိမ့် □
စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂	တိရိစ္ဆာန်မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း							

	ကိုယ်ပိုင်လုပ်ငန်း	၃	၁၂		၇	၅		မြင့်□ လတ်□ နိမ့် ✓
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၈	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၃	၃		၃			မြင့်□ လတ် ✓ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁	၂		၂			မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)							
	ကိုယ်ပိုင်လုပ်ငန်း	၂	၈			၈		မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၁	လက်လီ၊လက်ကားရောင်းဝယ်ရေး							
	ကိုယ်ပိုင်	၄	၄		၃	၁		မြင့်□ လတ်□

	လုပ်ငန်း							နိမ့် ✓
	အလုပ်သမား/ဝန်ထမ်း	၃	၄			၄		မြင့်□ လတ်□ နိမ့် □
၁၂	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၃	ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၇			၇			မြင့်□ လတ်✓ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၄	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့် ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၆	ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၁၀	၁၀		၆	၄		မြင့်□ လတ်✓ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင်							မြင့်□ လတ်□

	လုပ်ငန်း							**နိမ့် □**
	အလုပ်သမား/ဝန်ထမ်း	၅	၈		၁	၅		**မြင့်□ လတ်✓ နိမ့် □**
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား/ဝန်ထမ်း	၅	၅		၃	၂		**မြင့်□ လတ်✓ နိမ့် □**
၁၉	**လူမှုရေးလုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား/ဝန်ထမ်း	၁၅	၁၅		၁၅	၁၅		**မြင့်□ လတ်✓ နိမ့် □**
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							
	အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား	၄၁	၁၂		၃၁	၄	၁၂	
၂၁	**ပြင်ပအဖွဲ့စည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							**မြင့်□ လတ်□ နိမ့် □**
	အလုပ်သမား/ဝန်ထမ်း							**မြင့်□ လတ်□ နိမ့် □**
	စုစုပေါင်း	၂၂၆	၂၄၄		၁၀၁	၅၀	၄၂	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**” အရေအတွက်တွင် “**မိသားစုဝင်လုပ်အား**” **ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု** (**နိမ့်၊ လတ်၊ မြင့်**)” ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -“**စိုက်ပျိုးရေး**” ကဏ္ဍ၏ “**ကိုယ်ပိုင်လုပ်ငန်း**”တွင် ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဥ သျှစ်ကုန်းကျေးရွာတွင် စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်သော အိမ် ထောင်စုများပါသည်။ မွေးမြူရေး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကျပန်း လုပ်ကိုင်သူများ လည်း ရှိသည့်အပြင် ပညာရေး ဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်းများ လည်းရှိပါ သည်။ တစ်နိုင်တစ်ပိုင်စျေးဆိုင်များနှင့် စက်ပစ္စည်းများပြုပြင်သော အိမ်ထောင်စုများ လည်း ရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးသဖြင့် ပြည်ပသို့သွား ရောက်လုပ်ကိုင် သူ အိမ်ထောင်များလည်းရှိပါသည်။ ကျေးရွာရှိ ပြည်သူများ၏ ဝင်ငွေရလုပ်ငန်းများ နည်းပါးနေ၍ မိသားစု ဘဝရပ်တည်နိုင်မှု အဆင့်အတန်းမှာ နိမ့်ကျနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၆၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	**၂၀၀၀၀**	**၁၂၀၀၀**	**၁၅၀၀၀**	**၁၀၀၀၀**
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၂၀၀၀၀		၁၀၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	**၁၀၀၀၀**	**၆၀၀၀**	၈၀၀၀	၅၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ဥ_သျှစ်ကုန်းကျေးရွာ၏ အလုပ်ဝင်ငွေရရှိမှုမှာ ယောက်ကျားလေး ဝင်ငွေသည် မိန်းကလေး၏ဝင်ငွေထက် အနည်းငယ်ပိုရရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ယောက်ကျားလေးများ၏ လုပ်ကိုင်မှုစွမ်းရည်သည် မိန်းကလေးများထက်သာလွန်ပြီး အလုပ် လိုအပ်ချက်မှာ ယောက်ကျားလေးများကိုသာ အားထားရသောကြောင့် လုပ်ငန်းကျွမ်းကျင်မှု ပေါ် မူတည်ပြီး ဝင်ငွေကွာခြားရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၂၈	ကောင်း ☐	သင့်☐	ညံ့ ✓
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၈၄	ကောင်း☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၃၃	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဥ_သျှစ်ကုန်းကျေးရွာအတွင်းတွင် လယ်မြေနှင့်ဥ_ယျာဉ်ခြံမြေများမရှိပါ။ သို့သော် အခြားဒေသတွင် လယ်မြေနှင့် ဥ_ယျာဉ်ခြံမြေများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ ရွာသားများမှာ လယ်ဧက ပိုင်ဆိုင်မှု နည်းပါးပါသည်။ လယ်မြေအရည်အသွေးမှာ နိမ့်ကျနေပါသည်။ ကျေးရွာတွင် မြေလွတ် မြေလပ်၊ စားကျက်၊ ကိုင်း၊ ကျွန်းမြေများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်	အသုံးချနိုင်မှု	လွန်ခဲ့သော(၁၀)နှစ်က

	အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး☐ အပြောင်းအလဲမရှိ ✓
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒	လျော့ ☐တိုး☐ အပြောင်းအလဲမရှိ ✓
ရေ-မြေပေါ်ရေ(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
ရေ-မြေအောက်ရေ(တွင်းတိမ်၊ တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
သစ်တော-အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
သစ်တော-ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဥ_သျှစ်ကုန်းကျေးရွာတွင် လမ်းခင်းကျောက်ထုတ်လုပ်ရောင်းချသော နေရာမရှိပါ။ ကျောက်စရစ်နှင့်သဲများကို ကရင်ပြည်နယ်၊ မြိုင်ကလေးမှ သွားရောက်ဝယ်ယူအသုံးပြု လျှက်ရှိပါသည်။ ကျေးရွာတွင် ဆေးဖက်ဝင်အပင်နှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	**၁၀၀ဧက အထက်**	**၅ဧကမှ ၁၀ကြောင်း**	**၅ဧကအောက်**	မရှိ
အိမ်အခြေအနေ	RC (၂)ထပ်	**သွပ်မိုး၊ ပျဉ်ထောင်/ခင်း**	**ဖက်မိုး၊ ထရံကာ၊**	**ဖက်မိုးဖက်ကာ၊ ဝါးအခင်း**
ကုန်ထုတ်လုပ်မှုနှင့်	**ကား၊ဆိုင်ကယ်၊**	**ထော်လာကျီ၊**	**မရှိ**	**မရှိ**

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊စပါးရိတ်	ဆိုင်ကယ်၊စက်ဘီး		
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး၊အရောင်းအဝယ်	စိုက်ပျိုးရေး၊မွေးမြူရေး	စိုက်ပျိုးရေး၊မွေးမြူရေးတနိုင်တပိုင်	နွေစား၊ ကြံရာကျပန်း၊
အိမ်ထောင်စု	၆	၅၁	၄၉	၂၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥ သျှစ်ကုန်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများသည် ဝင်ငွေစီးပွား အသင့်အတင့်ရှိပြီး သွပ်မိုး၊ ပျဉ်ထောင်၊အုတ်ခံ(၂)ထပ်အိမ်များဖြင့် နေထိုင်ကြပြီး ကား၊ ဆိုင်ကယ်ပိုင်ဆိုင်ကြပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်းရှိပါသည်။ မပြေလည်သော အိမ်ထောင်စုများမှာ ဝါးအိမ်များဖြင့် နေထိုင်ပြီး ကျပန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

……

……

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၇၃		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဥ သျှစ်ကုန်းကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသော အိမ်ထောင်စုများ ရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်သောကြောင့် အရေးပေါ်ကိစ္စ များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြသောကြောင့် ထိခိုက်လွယ်မှု အခြေအနေ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၁	မြစ်ရေကြီးမှု	✓				✓	
၂	လျှပ်တပြတ်ရေကြီးခြင်း	✓				✓	
၃	မုန်တိုင်းဒီရေ	✓				✓	
၄	ဆူနာမီ	✓				✓	
၅	တိုင်ဖုန်းမုန်တိုင်း	✓				✓	
၆	လေဆင်နာမောင်း	✓				✓	
၇	ငလျင်	✓				✓	
၈	အပူလှိုင်း					✓	
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓				✓	
၁၀	အအေးလှိုင်း	✓				✓	
၁၁	မိုးသီးကြွေကျမှု	✓				✓	
၁၂	မိုးခေါင်ခြင်း	✓				✓	
၁၃	တောမီးလောင်ခြင်း	✓				✓	
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓				✓	
၁၅	ကမ်းရိုးတမ်းတိုက်စားမှု	✓				✓	
၁၆	မြေပြိုခြင်း	✓				✓	
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓				✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ)	✓				✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓				✓	
၂၀	သစ်တောပြုန်းတီးခြင်း	✓				✓	
၂၁	ဌက်ဖျားရောဂါ	✓				✓	
၂၂	တီဘီရောဂါ	✓				✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓					
၂၄	ကပ်ရောဂါ	✓				✓	
၂၅	ပြည်တွင်းပဋိပက္ခ	✓				✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✓				✓
၂၇	လူကုန်ကူးခြင်း	✓					✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓				✓	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဥ သျှစ်ကုန်းကျေးရွာ စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်သောကြောင့် ရာသီဥ တုဖောက်ပြန်ခြင်းများ ဖြစ်ပေါ်လာပါက မိုးစပါးပြန်လည် စိုက်ပျိုးရခြင်း၊ သီးနှံအောင်မြင်မှုမရှိခြင်း၊ စိုက်ပျိုးရေးမရရှိခြင်းတို့ ဖြစ်ပေါ်လာနိုင်ပြီး အချိန်နှင့် ရင်းနှီးငွေကြေး ဆုံးရှုံးတို့ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် ကျေးရွာ၏ထိခိုက်သက်ရောက်မှုများ အလယ် လတ်အဆင့်သို့ ရောက်ရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓			✓	
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု		✓			✓	
၃	ဆင်းရဲသားတောင်သူ		✓			✓	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သည့်အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ	✓				✓	✓
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓					✓
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓					✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	✓					✓
၈	မြေနိမ့်ပိုင်နေထိုင်သူများ	✓					✓
၉	ငါးကန်ပိုင်ရှင်များ	✓					✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓					✓
၁၁	လူနည်းစုလူမျိုးများ	✓					✓
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	✓					✓
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓					✓
၁၄	ရွှေတွင်းလုပ်သားများ	✓					✓
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	✓					✓
၁၆	နေရပ်ပြန်အခြေချသူများ	✓					✓
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓					✓
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓					✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဥသျှစ်ကုန်းကျေးရွာ တည်ရှိပုံသည် ကျေးရွာအနောက်ဘက်တွင် လယ်ကွင်းပြင် ရှိသောကြောင့် လေပြင်းတိုက်ခိုက်ခြင်းနှင့် မမျှော်လင့်သော သဘာဝဘေးအန္တရာယ် တို့ကြုံတွေ့နိုင်ပါသည်။ထိုဖြစ်ရပ်မျိုး ပေါ်ပေါက်လာပါက အရေးပေါ်ကယ်ဆယ်သတင်းပို့မှုများနှင့် ပြန်လည်နေရာချထားမှု လုပ်ငန်းများ ကြိုတင်ဖွဲ့စည်းထားရှိပါသည်။ အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စုနှင့် ကျပန်းလုပ်ကိုင်သောသူများ စားဝတ်နေရေး ထိခိုက်နိုင်ပါသဖြင့် ထိုမိသားစု ဆွေမျိုးများနှင့် ကျေးရွာ၏ ထောက်ပံ့ကူညီမှု မရသဖြင့် ၎င်းမိသားစုများ ထိခိုက်လွယ်မှု နိမ့်ကျ လာနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁□ ၂✓ ၃□	၁၀		၁၀	ပညာရေး ✓ ငွေကြေး ✓	ကောင်း ✓

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	သင့် ☐ ညံ့ ☐
၂	စိုက်ပျိုးရေး	၁✓ ၂☐ ၃☐	၂	-	၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐
၃	ကျောင်းအကျိုးတော်ဆောင်	၁☐ ၂☐ ၃✓	၆	၅	၁၁	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၄	ဂေါပကအဖွဲ့	၁☐ ၂☐ ၃✓	၃	-	၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၅	လူပျို/အပျိုအဖွဲ့	၁☐ ၂☐ ၃✓	၁၀	၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၆	သာရေ/နာရေး	၁☐ ၂☐ ၃✓	၅	၅	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ဥသျစ်ကုန်းကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊

လူပျိုအပျိုကောင်းအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ တို့ရှိကြပါသည်။ထိုအဖွဲ့များသည် လယ်ယာစိုက်ပျိုးရေး၊ သာရေးနာရေး၊ သဘာဝဘေးအန္တရာယ်လုံခြုံရေး၊ပညာရေး၊ ဘာသာရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် များစွာ အထောက်အကူပြုနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	စထာပါနာအဖွဲ့	၁☐ ၂✓ ၃☐ ၄☐ ၅☐ ၆☐ ၇ ☐	ပညာရေး ☐ ငွေကြေး ✓ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid,

စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ဥ သျှစ်ကုန်းကျေးရွာတွင် ပုဂ္ဂလိကချေးငွေအဖွဲ့များ မရှိပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာရှိ အဆင်မပြေသော အိမ်ထောင်စုများ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေးစသည့် ကိစ္စရပ်များတွင် များစွာအထောက်အကူပြု အကျိုးဖြစ်ထွန်းမည် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၉၇	-	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၈	-	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	-	-	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၃	-	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၅	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၃၃		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဥ သျှစ်ကုန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးဖြင့် လုပ်ကိုင်နေသော အိမ်ထောင်စု စုစုပေါင်း (၁၈)စုရှိပြီး အများစုသည် ၅ဧက မှ ၁၀ဧက အထိသာရှိသော အိမ်ထောင်စု (၃)စု နှင့် ၁၂.၅ ဧကအထက်ရှိသော အိမ်ထောင်စု (၁၅)စုရှိသည်ကို လေ့လာတွေ့ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဇရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဇရိယာ**

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
